# ကြေးမုံ The Mirror

၁၉၅၇ ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့ (28-5-2013) (၇၄၉၄)


**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# ပြည့်စုံသောတာဝန်သိရင်းနှီးမြှုပ်နှံမှုဖြင့် စွမ်းအင်ကဏ္ဍတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိစွာ



ဒုတိယသမ္မတ ဦးညဏ်ထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Liao Youngyuan ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေး

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Liao Youngyuan ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သိတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဦးထင်အောင်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ကျွမ်းကျင်မှုနှင့် နည်းပညာလွှဲပြောင်းပေးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသခံလူထု၏ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများကို စနစ်တကျလေ့လာသုံးသပ်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း စသည့်အချက်များနှင့် ပြည့်စုံသော တာဝန်သိရင်းနှီးမြှုပ်နှံမှုဖြင့် စွမ်းအင်ကဏ္ဍတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## MRTV-4 (Free to Air) ရုပ်သံလိုင်းကို UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူနိုင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 (Free To Air) ရုပ်သံလိုင်းသစ်ကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ လပွတ္တာ၊ ပဲခူးနှင့် မိတ္ထီလာ၊ ဘားအံနှင့် မော်လမြိုင်မြို့တို့တွင် Free To Air စနစ်ဖြင့် ထုတ်လွှင့်ပေးလျက် ရှိပါသည်။

ယခုအခါ MRTV-4 (Free To Air) ရုပ်သံလိုင်းကို တောင်ငူမြို့နှင့် အနီးတစ်ဝိုက်တွင် လိုင်းနံပါတ်နှင့် CH -16(488-494 MHz) ဖြင့် ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

## အနောက်တောင်မုတ်သုံလေဝင်ရောက်

**နေပြည်တော် မေ ၂၇**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (မိုင် - ၆၀) နှုန်းအထိသာ မောင်းရန်သတ်မှတ်ထား

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် အမြန်လမ်းဟုခေါ်နေသော်လည်း အမြန်လမ်းအဆင့် သတ်မှတ်၍ မရသေးဘဲ လမ်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူတို့က သတ်မှတ်ပေးသည့် အမြန်နှုန်းဖြင့်မောင်းနှင်နိုင်သော လမ်းမကြီးတစ်လမ်းအဆင့်သာရှိပါသည်။ အမြန်လမ်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန် အတွက်ဆိုလျှင် လမ်းပေါ်တွင် မော်တော်ယာဉ်များ အနှောင့်အယှက်မရှိ အမြန်နှုန်းဖြင့် မောင်းနှင်နိုင်ရေးအတွက် လမ်းဘေးမှ လူ၊ တိရစ္ဆာန်နှင့် အခြားယာဉ်များ လုံးဝဝင်ရောက်နိုင်မှုမရှိ (Fally Cootrolled Access) ဖြစ်ရပါမည်။

ထို့ကြောင့် တာဝန်ရှိသူများက အန္တရာယ်ရှိ၍ ကီလိုမီတာ ၁၀၀ မောင်းနိုင်သည်။ ဤနေရာတွင် ကီလိုမီတာ ၈၀ သာ မောင်းပါဆိုသည့် ဆိုင်းဘုတ်များ စိုက်ထူထားပါသည်။ အထူးသဖြင့် "သတ်မှတ်ထားသော မိုင်ထက်ကျော်လွန် မောင်းနှင်ပါက အသက်ဆုံးရှုံးနိုင်ပါသည်"ဆိုသည့် ဆိုင်းဘုတ်များလည်းရှိသည်။ ထို့အပြင် "ရှေ့တွင်လမ်းကွေ့ရှိသည် အရှိန်လျှော့မောင်းပါ" ဆိုသည့် ဆိုင်းဘုတ်များ၊ လမ်းကွေ့လမ်းညွှန် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**



အမြန်လမ်းတစ်လျှောက်၌ ယာဉ်မတော်တဆမှုများ ပပျောက်အောင် မော်တော်ယာဉ်အရှိန်ထိန်းတိုင်းတာသည့် ကိရိယာများ တပ်ဆင်အသုံးပြုနေမှုကို ဤသို့ တွေ့ရစဉ်။

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ခရမ်းနီမြင့်**


ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင် - CPA)
B.Com (Q); CPA; FLCCI (London-UK)
DA (LCCI-UK); FFA (IFA-UK)
22 June
LCCI
Level I,II,III
FOR SERIES 4/2013
ကျောင်းအပ်လက်ခံပြီ
☎: 01-377610, 09 730 99752, 09 730 66231, 09 515 1024

**ကြေးမုံ စာ တည်း ရှု ထောင့် — ၂၈-၅-၂၀၁၃၊ အင်္ဂါနေ့**

# သမိုင်းဂုဏ်ကို ဖော်ထုတ်မြှင့်တင်

မျက်မှောက်ကာလ၏လိုအပ်ချက်ကို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုကြသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်လည်း ရုပ်ဝတ္ထုဖွံ့ဖြိုးရေးကို အလေးကဲလာကြသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးခြင်းသည် အမြင်တင့်၍ နှစ်လိုဖွယ်ကောင်းလှပါသည်။

သို့သော် သင်ခန်းစာယူဖွယ်ရာများနှင့် စိတ်ခွန်အားပေးစွမ်းနိုင်မှုများ တစ်နည်းဆိုလျှင် အမျိုးဂုဏ်၊ ဇာတိဂုဏ်တက်စေရေးအတွက် အတိတ်က ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖွံ့ဖြိုးခဲ့မှုများသည် အရေးပါအရာရောက်ပေသည်။

ထို့ကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုင်ရာဖွံ့ဖြိုးမှု အကြောင်းအရာများကို လွှမ်းခြုံသုံးသပ်လေ့လာမှုပြုသင့်သည်။ အတိတ်ကရုပ်ဝတ္ထုများသည် အနာဂတ်အတွက် မှန်ကန်ကောင်းမွန်သော ခိုင်မာသည့် တည်ဆောက်မှုကို အထောက်အကူပြုသကဲ့သို့ စိတ်ခွန်အားကိုလည်းပေးစွမ်းနိုင်ပေသည်။

အမှန်ဆိုရလျှင် မျက်မှောက်ကာလ လူငယ်များအနေဖြင့် အနာဂတ်ကိုသာ အလေးကဲစိတ်ဝင်စားမှုပြုကြလေသည်။ အသစ်အသစ်ပေါ်ထွန်းလာသော ခေတ်ရေစီးကြောင်းတွင် လိုက်ပါစီးမျောရင်း အချိန်ကုန်လွန်မြောက်ကြလေသည်။ ထိုသို့လွန်မြောက်ရင်း မိမိတို့၏အစဉ်အလာကြီးမားခဲ့သော ယဉ်ကျေးမှုဓလေ့ထုံးစံများကိုပင် ဘာမှန်းမသိတော့ဘဲ အများမိုးခါးရေမသောက်နေကြသည်။

မြန်မာနိုင်ငံသားတစ်ယောက်သည် မြန်မာ့သမိုင်းကို သိရမည့်အပြင် မြန်မာတို့၏ထုံးတမ်းစဉ်လာများကိုလည်း မမေ့သင့်ချေ။ မြန်မာတို့၏ သမိုင်းအစဉ်အလာနှင့် ဂုဏ်ဒြပ်တို့ကိုသိရှိနားလည်ထားသူ၊ ရှင်းလင်းပြောပြနိုင်သူဖြစ်မှသာလျှင် ဂုဏ်ရှိန်မြင့်မားသော မြန်မာတစ်ယောက်ဖြစ်ပေလိမ့်မည်။

မိမိတို့၏သမိုင်းကြောင်းနှင့် ဓလေ့ထုံးစံများကို အလုံးစုံကြွယ်ဝစွာ ပြောဆိုနိုင်ခြင်းမရှိလျှင်သော်မှ လွှမ်းခြုံ၍ အနည်းအကျဉ်းမျှပြောဆိုနိုင်လျှင်ပင် အရာရောက်ပေလိမ့်မည်။ ယုတ်စွအဆုံး မိမိတို့၏တန်ဖိုးမဖြတ်နိုင်သော အထိမ်းအမှတ်လက္ခဏာများမှာ ဘယ်အရာဟူ၍ အနည်းငယ်မျှပင်မသိပါလျှင် မိမိတို့သည် မြန်မာဟေ့ဟု မည်သို့ဝင့်ကြွားနိုင်မည်နည်း။

မိမိတို့နိုင်ငံတွင် သက်ရှိသက်မဲ့ထင်ရှားသည့် အထိမ်းအမှတ်လက္ခဏာများ အမြောက်အမြားရှိပါသည်။ ယနေ့ဖွံ့ဖြိုးတိုးတက်ပါသည်ဟုဆိုသော ချမ်းသာသည့်နိုင်ငံအချို့တွင် နိုင်ငံပင်ချမ်းသာပါသော်လည်း ယင်းတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ထင်ရှားသည့်သမိုင်းကြောင်းအစဉ်အလာတို့အား လက်ညှိုးထိုးပြစရာနည်းပါးလှသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာတို့၏ သမိုင်းကြောင်းအစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ ထင်ရှားသည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ထူးခြားသည့် ပုဂ္ဂိုလ်ထူးများကို မမေ့ပျောက်ကောင်းတဲ့ လက်ဆင့်ကမ်းအမွေပေးဝေသူများကလည်း ထိုသမိုင်းဝင်အကြောင်းခြင်းရာများနှင့် အမှတ်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက် ကြရပေလိမ့်မည်၊ ဖော်ထုတ်သိရှိစေအပ်သည်။

အထူးသဖြင့် အနာဂတ်သို့သာပြေးနေသော နည်းပညာခေတ်ဖြစ်၍ ခေတ်ရေစီးကြောင်းတွင်သာ စီးမျောနစ်ဝင်လျက်ရှိကြသော မျိုးဆက်သစ်လူငယ် လူရွယ်များအား မြန်မာတို့၏သမိုင်းကြောင်းကို မမေ့မပျောက်အောင်၊ သိရှိနားလည်အောင် ဖော်ထုတ်အသိပေးကြရမည်ဖြစ်သည်။

အနာဂတ်လူငယ်များအနေဖြင့်လည်း သမိုင်းအမွေအနှစ်များကို မမေ့မပျောက်စေဖို့၊ မိမိလူမျိုးနှင့် မိမိနိုင်ငံကို အထင်ကြီးစေဖို့ သမိုင်းကြောင်းအစဉ်အလာများ မတိမ်မြုပ်အောင် ဝိုင်းဝန်းဖော်ထုတ်ကြဖို့ လိုပေလိမ့်မည်။ ခေတ်မီတိုးတက်ဖို့ မျက်မှောက်နှင့် အနာဂတ်ဖွံ့ဖြိုးမှုများ လိုအပ်သကဲ့သို့ မိမိနိုင်ငံနှင့် မိမိလူမျိုးကို ဂုဏ်ယူဝင့်ကြွားနိုင်စေဖို့ သမိုင်းကြောင်း အစဉ်အလာနှင့် ဂုဏ်ဒြပ်များကို ဖော်ထုတ်မြှင့်တင်ကြဖို့လိုမည်ဖြစ်ပါသည်။ ။

## နောင်ယားကန် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

နေပြည်တော် မေ ၂၇

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယားကန်သာယာသန့်ရှင်းလှပသောကန်ကြီးဖြစ်လာစေရန် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့သူမြို့သားများနှင့်တပ်မတော်သားများက မေ ၂၅ ရက် နံနက်ပိုင်းတွင် ကန်ပတ်လည်ရှိ အမှိုက်များ၊ ကြာပင်များ၊ မှော်များ၊ ရွှံ့နွံများအား သန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (အောက်ပုံ) (သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၅-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၄၀ | "စိတ်စင်ကြယ်မှ ချမ်းသာမယ်" တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာကိတ္တိသာရ) |
| ၁၂း၀၀ | ခေတ်ပြိုင်ဂီတမှတ်တိုင်များ (အကော်ဒီယံအုန်းကျော်) (အပိုင်း-၁) |
| ၅း၁၅ | Minute to Win It |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၇၅) |
| ၇း၁၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၃၀) |
| ၈း၃၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၁၁၉) |
| ၉း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရင်ခုန်သံစည်းချက်" (အပိုင်း-၁၃) |



## အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲပြီးစီး

နေပြည်တော် မေ ၂၇

၂၀၁၃ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲပိတ်ပွဲအခမ်းအနားကို မေ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဓော်လမြိုင် တက္ကသိုလ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဘရွှေက အမျိုးသားပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၇

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် ရွှေဈေး | ၇၁၁၁၀၀ -၇၁၂၁၀၀ | | (ခ) ဥရောပ | တစ်ယူရို | = ၁၂၂၆. ၃ |
| မန္တလေးရွှေဈေး | ၇၁၁၁၀၀ -၇၁၂၁၀၀ | | (ဂ) စင်ကာပူ | တစ်ဒေါ်လာ | =၇၄၉. ၄၆ |
| **စက်သုံးဆီဈေးနှုန်း** | | | (ဃ) တရုတ် | တစ်ယွမ် | = ၁၅၄. ၇၇ |
| (က) ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ ကျပ် | (င) ထိုင်း | တစ်ဘတ် | = ၃၁. ၆၈၁ |
| (ခ) အောက်တိန်း95 | တစ်ဂါလန် | ၄၂၈၀ ကျပ် | (စ) မလေးရှား | တစ်ရင်းဂစ် | = ၃၁၁. ၉၇ |
| (ဂ) အောက်တိန်း92 | တစ်ဂါလန် | ၃၄၈၀ ကျပ် | (ဆ) အိန္ဒိယ | တစ်ရူပီး | = ၁၇. ၀၂၀ |
| (ဃ) ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ ကျပ် | (ဇ) ဂျပန် | တစ်ရာယန်း | = ၉၄၀. ၁၆ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | (ဈ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၄. ၀၃၈ |
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၄၉. ၀၀ | (ည) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၄. ၅၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

**သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာ လှပ စိမ်းမြ**



# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဂျပန်နိုင်ငံက ဝတ်စုံဒီဇိုင်းရေးဆွဲချုပ်လုပ်လှူဒါန်း

**နေပြည်တော် မေ ၂၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဂျပန်ဒီဇိုင်းပညာရှင် မစ္စကိုရှီနိဂျွန်ကိုက ခိုင်ခံ့ပေ့ါပါးပြီး ချွေးထွက်မှုထိန်းချုပ်သည့်စနစ်ပါရှိသော ဝတ်စုံဒီဇိုင်းကို ရေးဆွဲပေးခဲ့သည်။

အဆိုပါဝတ်စုံများကို ကုန်ကြမ်းပစ္စည်းနှင့် နည်းပညာအရ ဂျပန်နိုင်ငံတွင် ထုတ်လုပ်မည်ဖြစ်ကာ ၂၀၁၃ ခုနှစ် ဇွန်လကုန်ခန့်တွင် လွှဲပြောင်းလှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဒီဇိုင်းပညာရှင် မစ္စကိုရှီနိဂျွန်ကိုသည် ဂျပန်နိုင်ငံ အိုဆာကာမြို့ဇာတိဖြစ်ပြီး Bunka Fashion College တွင် Design Course ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ဖက်ရှင်အတတ်ပညာသင်ကြားနေစဉ် The Soen Award ဆုကိုလည်း ရရှိခဲ့ပြီး ၁၉၈၇ ခုနှစ် ပါရီဖက်ရှင်ပြပွဲဖြင့် နိုင်ငံတကာဖက်ရှင်လောကသို့ စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ နိုင်ငံတကာဖက်ရှင်ပြပွဲများတွင် ဂျပန်ရိုးရာယဉ်ကျေးမှု အဝတ်အထည်များအား ဆန်းသစ်လှပသောအမြင်များဖြင့် တီထွင်ဖန်တီးခဲ့သကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် ဝတ်စုံဒီဇိုင်းကိုလည်း ရေးဆွဲပေးခဲ့သော ထင်ရှားသောဒီဇိုင်နာတစ်ဦးဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းသံတမန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ **(သုရစေတ်-သတင်းစဉ်)**



**မေ ၂၆ ရက် မွန်းလွဲပိုင်းတကျင်းပသည့် နေ့လယ်စာစားပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ဂျပန်နိုင်ငံဝန်ကြီးချုပ်မစ္စတာ ရှင်ဇိုအာဘေးလှူဒါန်းသည့် ဝတ်စုံအား ၎င်းကိုယ်တိုင် ဝတ်ဆင်ပြနေစဉ်။** (သတင်းစဉ်)

# စတုတ္ထအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကျင်းပ





**မန္တလေး မေ ၂၇**

"မှတ်တမ်းမှတ်ရာမရှိ၊ ပညာရှင်နဲ့ ပြည်သူအကြားမှာ ဖတ်ကြားတင်သွင်းတာမရှိရင် သုတေသနအလုပ်ဟာ အရာထင်မှာမဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းဆေးသုတေသီများသည် ကိုယ့်အားထုတ်မှုကို အကျိုးဖြစ်ထွန်းစေရန် ယခုကဲ့သို့ စာတမ်းဖတ်ပွဲများတွင် တင်ပြ၊ ဆွေးနွေးဖလှယ်မှသာလျှင် တိုင်းရင်းဆေးလောကနှင့် ပြည်သူများခံစားကြရမှာ ဖြစ်ပါတယ်"ဟု မေ ၂၇ ရက်က မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသော စတုတ္ထအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် **(ဗဟို)** က ပြောကြားသွားသည်။

နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးကောင်းမွန်၍ အသုံးချနိုင်သည့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုပေါ်ထွက်လာစေရန် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ကျင်းပခြင်းမှာ စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ စာတမ်းရှင်များ၊ တိုင်းရင်းဆေးသုတေသီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် တိုင်းရင်းဆေးနှင့် စပ်ဆိုင်သော စာတမ်း ၂၅ စောင်ဖတ်ကြားမည်ဖြစ်ပြီး ပိုစတာ ခုနှစ်စောင်ကိုလည်း ခင်းကျင်းပြသထားရာ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပိုစတာများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပထမနေ့တွင် စာတမ်း ၁၂ စောင်ဖတ်ကြားပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ညနေပိုင်းတွင် စာတမ်းဖတ်ပွဲ ပထမနေ့ကို ရပ်နားလိုက်သည်။ **(ကြေးမုံ)**

## ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာမမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာ တင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဆက်သွယ်ရေးအရာရှိများ သင်တန်းဖွင့်

**နေပြည်တော် မေ ၂၇**

၂၀၁၄ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးများတွင် တာဝန်ချထားမည့်ဆက်သွယ်ရေးအရာရှိများ (Liaison Officers) သင်တန်း(၂/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အာဆီယံရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၁၄ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးများတွင် ဆက်သွယ်ရေးအရာရှိများအဖြစ် တာဝန်ပေးအပ်မည့်ဝန်ကြီးဌာန ၂၈ ခုမှ သင်တန်းသားကိုယ်စားလှယ်များအား အရည်အချင်းမြှင့်တင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ သင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ဇွန် ၇ ရက်အထိဖြစ်ပြီး သင်တန်းသား ၅၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကိုလံဘီယာအစိုးရနှင့် သူပုန်အဖွဲ့ မြေယာပြုပြင်ပြောင်းလဲရေး သဘောတူညီမှုရ

ဘိုဂိုတါ မေ ၂၇

**ကိုလံဘီယာအစိုးရနှင့် လက်ဝဲယိမ်း အက်ဖ်အေအာစ်သူပုန်များသည် ခြောက်လကျော်ကြာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပပြီးနောက် မြေယာပြုပြင်ပြောင်းလဲရေး ပြုလုပ်ရန် သဘော တူညီခဲ့ကြသည်ဟု မေ ၂၇ ဘီဘီစီသတင်းတွင် ဖော်ပြသည်။**



ကိုလံဘီယာအစိုးရနှင့် လက်ဝဲသူပုန်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပစဉ်။

၎င်းသဘောတူညီမှုသည် ကျေးလက်ဒေသအတွက် အခြေခံကျသော ပြုပြင်ပြောင်းလဲရေး ကနဦးအစဖြစ်သည်ဟု ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

ကျေးလက်ဒေသတွင် စီးပွားရေး၊ လူမှုရေးတို့အား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် ဆင်းရဲသော တောင်သူလယ်သမားတို့အား စိုက်ပျိုးမြေများ ထောက်ပံ့ပေးအပ်ရန်လည်းသဘောတူညီမှုတွင် တောင်းဆိုထားသည်။

နှစ်ပေါင်း ၅၀ ကြာ လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်ရေးအတွက် မရပ်မနားဆွေးနွေးခဲ့ရသော ပြဿနာများတွင် မြေယာပြုပြင်ပြောင်းလဲရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ငြိမ်းချမ်းရေးရရှိရန် စစ်မှန်သောအခွင့်အလမ်းတစ်ခုကို ကျွန်ုပ်တို့ ရရှိခဲ့ပါပြီဟု ကိုလံဘီယာအစိုးရ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဟန်ဘာတိုဒီလာကာလီက ပြောသည်။

အက်ဖ်အေအာစီညှိနှိုင်းရေးခေါင်းဆောင် အီဗန်မာကွက်(စ်)က မဖြေရှင်းရသေးသော ပြဿနာများကျန်ရှိနေဆဲဖြစ်ကြောင်း၊ ဆက်လက်ဆွေးနွေးခြင်းဖြင့် သဘောတူညီမှုရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘီဘီစီ။

## အီးယူနှင့် တရုတ် ကုန်သွယ်ရေးတာဝန်ရှိသူများ ဘရပ်ဆယ်၌ အလွတ်သဘောတွေ့ဆုံမည်

ဘရပ်ဆယ် မေ ၂၇

ကုန်သွယ်ရေးအငြင်းပွားမှုများ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် ဥရောပသမဂ္ဂ(အီးယူ)နှင့် တရုတ်ကုန်သွယ်ရေးတာဝန်ရှိသူများသည် မေ ၂၇ ရက်တွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဥရောပကော်မရှင်က မေ ၂၇ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံလုပ် နေစွမ်းအင်ထုတ်လုပ်ရေးဆိုလာပြားများ အောတိုက်တင်သွင်းနေမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အကောက်ခွန်နှုန်းထားကြီးလေးစွာကောက်ယူရန် အီးယူက ပြင်ဆောင်ရွက်နေချိန်တွင် ကုန်သွယ်ရေးတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

တရုတ်ဒုတိယကုန်သွယ်ရေးဝန်ကြီး ကျောင်ရှန်းသည် ဥရောပသမဂ္ဂကုန်သွယ်ရေး မဟာမင်းကြီး ကာရီးလ်ဒီဂပ်ချ်နှင့် မေ ၂၇ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံဘရပ်ဆယ်မြို့၌ တွေ့ဆုံမည်ဖြစ်ကြောင်း အီးယူကုန်သွယ်ရေးပြောရေးဆိုခွင့်ရှိသူ ဂျွန်ကလန်စီကပြောကြားသည်။

မိမိတို့သည် အလွတ်သဘောတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ တရားဝင်ဆွေးနွေးပွဲဖြစ်ပေါ်လာခြင်းမရှိမီ အီးယူလုပ်ထုံးလုပ်နည်းများအရ တရုတ်လုပ်ကုန်ပစ္စည်းများအပေါ် အကောက်ခွန်ကြီးလေးစွာကောက်ယူမည့် အစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အေအက်ဖ်ပီ။



ဖိလစ်ပိုင်နိုင်ငံ ကာဂါယန်ပြည်နယ်၌ ကွန်မြူနစ်ဒီရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## ကွန်မန်ဒိုရဲတပ်ဖွဲ့ဝင်များ လိုက်ပါလာသောကားကို ဖိလစ်ပိုင်မြောက်ပိုင်း၌ ချုံခိုတိုက်ခိုက်

မနီလာ မေ ၂၇

**ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ ကွန်မန်ဒိုရဲတပ်ဖွဲ့ဝင်များလိုက်ပါလာသော ထရပ်ကားတစ်စီးကို ကွန်မြူနစ်ပြောက်ကျားများက လမ်းဘေးထောင်ဗုံးဖြင့် တိုက်ခိုက်ခဲ့ပြီး သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။**

ချုံခိုတိုက်ခိုက်ခံရသော ထရပ်ကားပေါ်တွင် လိုက်ပါလာကြသော ရဲတပ်ဖွဲ့ဝင်များမှာ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုခံယူရန် ဆေးရုံတစ်ရုံသို့ ဦးတည်သွားရောက်နေချိန်ဖြစ်သည်။

လက်ရွေးစင်အထူးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြသော်လည်း သူပုန်ဘက်မှ အင်အားသာလွန်သဖြင့် ခုခံနိုင်တော့ခြင်းမရှိဘဲ ထွက်ပြေးခဲ့ကြရကြောင်း၊ ဒဏ်ရာရသူတပ်ဖွဲ့ဝင်ခုနစ်ဦးမှာ ခြေကျင်ထွက်ပြေးလွတ်မြောက်ခဲ့ကြပြီး ၎င်းတို့ကို ကာဂါယန်ပြည်နယ် ဘာလက်စတာရှိစ်ဆေးရုံသို့ ပို့ဆောင်နိုင်ရန် အစိုးရတပ်ဖွဲ့ဝင်များက ကယ်တင်ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ဘာလက်စတာရှိစ်မြို့သည် မြို့တော်မနီလာအရှေ့မြောက်ဘက် ကီလိုမီတာ ၄၀၀ ကျော်အကွာတွင်တည်ရှိသည်။

အစိုးရတပ်ဖွဲ့ဝင်များက လမ်းများကို ပိတ်ဆို့ထားလိုက်ပြီး သူပုန်အဖွဲ့ဝင်များအား ချေမှုန်းတိုက်ခိုက်နိုင်ရန် တပ်ဖွဲ့ဝင်များကို စေလွှတ်လိုက်ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရသူ ဂျင်နာရိုဆိုဆာဘိုက ပြောကြားသည်။ ဝီတီအိုင်။





# မြန်မာနိုင်ငံ၏ အကြီးဆုံး ဆုတောင်းပြည့် နီးဘုရားကြီး ဌာပနာတော်သွင်း/ဗိတ်ပူဇော်ပွဲကျင်းပ

**သထုံ မေ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ် မြသပိတ်တောင်ခြေတွင် ရက်လုပ်ပူဇော်လျက်ရှိသော ဆုတောင်းပြည့်နီးဘုရားကြီး၏ ဌာပနာတော်သွင်း/ဗိတ်ပူဇော်ပွဲကို မေ ၂၄ ရက် ကဆုန်လပြည့်(ဗုဒ္ဓနေ့)က အဆိုပါဘုရားကြီး ဂန္ဓကုဋိတိုက်တော်၌ ကျင်းပသည်။ ရှေးဦးစွာ ရပ်နီးရပ်ဝေး ရဟန်းရှင်လူပြည်သူများက ဌာပနာတော်များကို လာရောက်လှူဒါန်းကြပြီးနောက် မြသပိတ်တောင်တန်း နာယက ဆရာတော် အရှင်သုမနထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ နံနက် ၉ နာရီတွင် ဌာပနာပစ္စည်းများကို တာဝန်ရှိသူများက နီးဘုရားကြီး၏ ဌာပနာတိုက်တော်ရှိ ရတနာရွှေသေတ္တာထက်သို့ ပင့်ဆောင်ထည့်သွင်းပူဇော်ကြရာ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူတို့က ဝမ်းမြောက်ကြည်နူးစွာ သာဓုခေါ်ကြသည်။ ယင်းနောက် နီးဘုရားကြီးဖြစ်မြောက်ရေး ဩဝါဒဆရာတော်၊ ဘားအံမြို့ တောင်ကလေးကျောင်းဆရာတော် ဦးပညာသာမိတ ကျန်ရှိနေသေးသော ဘက်စုံလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူတော်ငွေ ၉၉၉၉၉၉၉ ကျပ်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က လက်ခံရယူပြီး နာယက ဆရာတော် အရှင်သုမနထံမှ ရေစက်ချတရားနာယူခဲ့ကြသည်။

အဆိုပါနီးဘုရားကြီးကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့တွင် စတင်ကာ မြန်မာ့ရိုးရာ အတတ်ပညာ၊ အနုပညာများဖြင့် တည်ဆောက်ခဲ့ပြီး ပလ္လင်တော်



အပါအဝင် ဉာဏ်တော်မှာ ၃၁ ပေ ခြောက်လက်မရှိကာ မြန်မာနိုင်ငံတွင် အကြီးဆုံးနီးဘုရားကြီးလည်းဖြစ်သည်။ ဘုရားကြီးကို ရက်လုပ်ရာတွင် အမာခံသံထည် တစ်တန်ခွဲနှင့် နီးသား ပေါင် ၁၂၀၀ ခန့်အသုံးပြုကာ ကိုးလတာခန့် အချိန်ယူတည်ဆောက်ခဲ့သည်။ ဘုရားကြီးဖြစ်မြောက်ရေး မတည်အလှူရှင်ဖြစ်သူ ဦးဂျွန်က "နီးဘုရားကြီးကို တောင်ကလေးဆရာတော်ရဲ့ ဩဝါဒအရ ဒီဒေသမှာရှိတဲ့ ပြည်သူတွေ၊ မြန်မာပြည်မှာနေထိုင်ကြတဲ့ ပြည်သူတွေ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ရှိရအောင်လို့ တည်ဆောက်ရက်လုပ်ခဲ့တာပါ။ ပြည်သူ၊ တပ်မတော်နဲ့ ဌာနဆိုင်ရာတွေ ရင်းရင်းနှီးနှီးစုပေါင်းလုပ်အားဒါနပြုခဲ့ကြလို့ အခုလိုအောင်မြင်ခဲ့တာပါ" ဟုပြောကြားခဲ့သည်။ ယခုအခါ ရက်လုပ်မှုလုပ်ငန်းများပြီးစီးနေပြီဖြစ်ပြီး သစ်စေးသုတ်လိမ်းကာ ရွှေသက်န်းကပ်လှူခြင်းနှင့် ဂန္ဓကုဋိတိုက်တော် အချောသပ်တည်ဆောက်ခြင်းလုပ်ငန်းများ ကျန်ရှိနေသေးကြောင်း သိရသည်။

**(သတ်ဦး-သထုံ)**

# ရေကြည်မြို့၌ ဓာတ်တိုင်နှင့် ကြိုးများလဲလှယ်

**ရေကြည် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့နယ်ခွဲတို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မတ်လပိုင်းမှစ၍ မိဘပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် ရေကြည်မြို့ ဗိုလ်စိန်မှန်လမ်းတွင် ၁၀ မီတာ ကွန်ကရစ်တိုင် သံလက်တန်းများဖြင့်လည်းကောင်း၊ မြို့အဝင် ပုသိမ်-မုံရွာ ကားလမ်းဘေးနှင့် နေဝင်းရပ်ကွက် ဘုရားလမ်းတို့တွင် ကိုးမီတာကွန်ကရစ်တိုင် သံလက်တန်းများဖြင့် လည်းကောင်း အစားထိုးလဲလှယ်ပေးပြီး ကြိုးအဟောင်း၊ ကြိုးအသေးများအား HDBC-No-4 ကြေးကြိုးများဖြင့် လဲလှယ် သွယ်တန်းခြင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် ငါးသိုင်းချောင်းမြို့နယ်ခွဲရှိ ရွှေဆောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ဟောင်းနွမ်းဆွေးမြည့် လျှပ်စစ်သံတိုင်များအား ကိုးမီတာ သံကွန်ကရစ်တိုင် သံလက်တန်းတို့ဖြင့် မိုးရာသီအမီ အများပြည်သူ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှ ဦးဆောင်၍ ကျွမ်းကျင်ဝန်ထမ်းများဖြင့် အစားထိုးလဲလှယ် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(မြေ၃)**

ဥတုရာသီ
တောကိုမှီ၏

ထင် သာ မြင် သာ ပြု ပြင် စ ရာ

# စည်းကမ်းလိုက်နာ သင်္ဘောပေါ်မှာ

**ခရီးသွားပြည်သူတစ်ဦး**

"ခရီးသည်" ထက် "ဈေးသည်"ပိုများနေသော "ဒလ-ရန်ကုန် ကူးတို့သင်္ဘော"။ ခရီးသွားပြည်သူများ လွယ်လင့်တကူ ခရီးသွားလာနိုင်ရန်အတွက် နိုင်ငံတော်မှ ရန်ကုန်နှင့်ဒလကို နှစ်ထပ်သင်္ဘောနှစ်စင်းဖြင့် အပြန်အလှန် ပြေးဆွဲပေးလျက်ရှိရာ ပြည်သူများနေ့စဉ်သွားလာမှု အဆင်ပြေချောမွေ့လျက်ရှိသည်။ ကျွန်ုပ်သည်လည်း ရန်ကုန်မှ ဒလဘက်ကမ်းသို့ အနည်းဆုံးတစ်ပတ်လျှင် တစ်ရက်ခန့် အလုပ်ကိစ္စဖြင့် သွားရောက်နေရသူတစ်ဦးဖြစ်သည်။

သင်္ဘောပေါ်သို့တက်လိုက်သည်နှင့် ဆူညံပြီး ဈေးရောင်းနေကြသည့် ဈေးသည်များကိုလွတ်အောင် မနည်းရှောင်ကွင်း၍ သွားရသည်။

သင်္ဘောအပေါ်ထပ်၊ အောက်ထပ်၊ ရှေ့နောက်ဝဲယာကို ကြည့်လိုက်သည့်အခါ ဝန်ထမ်းများ၊ ရိုးရိုးခရီးသွားများနှင့် နိုင်ငံခြားသားခရီးသည်များကိုလည်း အမြဲလိုလိုတွေ့ရသည်။

အဆိုပါ ခရီးသည်များအကြားတွင် တိုးဝှေ့၍ ဈေးရောင်းကြသူများမှာ အော်ဟစ်ဆူညံပြီး တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင် ဈေးရောင်းရင်း ရန်ဖြစ်သူကဖြစ်၊ ဗီဒီယိုအခွေတွေကို အသံကျယ်ကျယ်နဲ့ အော်ရောင်းသူကရောင်း၊ သကြီန်စာရောင်းသူ၊ စင်ယော်အစာရောင်းသူ၊ ဆေးအမျိုးမျိုးကြော်ငြာသူ၊ အကျီ၊ လုံချည်၊ ဦးထုပ်ရောင်းသူ၊ သစ်သီးအမျိုးမျိုးရောင်းသူ စသည်ဖြင့်ဈေးသည်ပေါင်းစုံတို့၏ အော်ဟစ်ရောင်းချသည့် အသံများသည် ခရီးသွားပြည်သူများအတွက် စိတ်အနှောင့်အယှက်များစွာဖြစ်စေသည်ကို ကိုယ်တွေ့ခံစားနေရသည်။

သင်္ဘောဦးခန်းဘက်ရောက်သွားသောအခါ နံရံမှာ စာကပ်ထားသည်ကို ဖတ်ကြည့်လိုက်မိသည်။

"ရေယာဉ်ပေါ်တွင် ခရီးသည်အနေဖြင့်သာ လိုက်ပါခွင့်ပြုမည်။ ရေယာဉ်ပေါ်တွင် လုံးဝ(လုံးဝ) ဈေးရောင်းချခွင့်မပြု"တဲ့။

သင်္ဘောပေါ်မှာ တာဝန်ရှိသူ ယူနီဖောင်းဝတ်ထားသည့် သင်္ဘောဝန်ထမ်းတစ်ဦးအား မေးကြည့်ရာ သင်္ဘောဝန်ထမ်းက "ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း ဈေးသည်တွေကို ပါးစပ်ကလည်းပြောတယ်၊ သင်္ဘောဦးခန်းမှာလည်း စာရေးထားပါတယ်ဗျာ၊ ဘယ်လိုမှ ပြောလို့မရပါဘူး"တဲ့။

အထက်ဖော်ပြပါအခြေအနေများကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် နိုင်ငံခြားတိုင်းပြည်များမှခရီးသည်များ၏ အမြင်တွင်လည်း နိုင်ငံတော်၏ဂုဏ်သိက္ခာကို အထင်အမြင်သေးစေနိုင်ပါသဖြင့် "ရန်ကုန်-ဒလ" ကူးတို့သင်္ဘောပေါ်မှ "စည်းကမ်းမဲ့" "ဈေးသည်များ"ကို သက်ဆိုင်ရာမှ တာပန်ယူဆောင်ရွက်ပေးသင့်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပေသည်။ ။



## နယ်စပ်ဆက်ဆံရေးရုံးများ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် လူကုန်ကူးခံရသူများ ပူးပေါင်းဖော်ထုတ်နိုင်ခဲ့

**မန္တလေး မေ ၂၃**

Border Liaison offices (BLO) အား ၂၀၀၇ ခုနှစ်တွင် မူဆယ်ရွှေလီ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံး၊ ၂၀၀၈ ခုနှစ်တွင် လွယ်ဂျယ်-ကျန်းဖုန်းနယ်စပ်ဆက်ဆံရေးရုံးနှင့် ၂၀၁၃ ခုနှစ် မေ ၁၅ ရက်တွင် လောက်ကိုင်-နန်ဆန် နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ခဲ့ပြီး နယ်စပ်ဆက်ဆံရေးရုံးများ၏ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ လူကုန်ကူးမှု အမှုပေါင်း ၁၀၂ မှုကို ပူးပေါင်းဖော်ထုတ်နိုင်ခဲ့ပြီး လူကုန်ကူးသူ အမျိုးသား ၁၂၉ ဦး၊ အမျိုးသမီး ၂၀၃ ဦး စုစုပေါင်း ၃၃၂ ဦး ဖမ်းဆီးနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၁၆၇ ဦး ကယ်တင်နိုင်ခဲ့၍ မဲခေါင်ဒေသနိုင်ငံများအတွင်း နမူနာပြုထိုက်သည့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် အသိအမှတ်ပြုခံရကြောင်း (၆)ကြိမ်မြောက် မြန်မာ-တရုတ် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ သိရသည်။

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော လူကုန်ကူးမှု အမျိုးအစားများတွင် အဓမ္မလက်ထပ်ထိမ်းမြားမှု ၇၉ မှု၊ ပြည့်တန်ဆာပြုမှု ၂၃ မှု၊ အဓမ္မစေခိုင်းမှု ၁၆ မှု၊ ကလေးသူငယ်လူကုန်ကူးမှု နှစ်မှု စုစုပေါင်း အမှု ၁၂၀ ဖြစ်ပွားခဲ့ရာတွင် လူကုန်ကူးမှုဦးတည်သည့် နိုင်ငံများတွင် တရုတ်နိုင်ငံသို့ ဦးတည်မှုသည် အများဆုံးဖြစ်ပြီး ဒုတိယထိုင်းနိုင်ငံဖြစ်ကြောင်း ၂၀၀၄ ခုနှစ် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံဝန်ကြီးအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ် (Coordinate Mekong Ministerial Initiative Against Trafficking- COMMIT Process) နားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့တွင် COM-MIT MoU လက်မှတ်ရေးထိုးကြရာ ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တော်မင်းသော်(မန္တလေး)**



## မြင်းမူ၌ ပဲတီစိမ်းများ ဖြစ်ထွန်းအောင်မြင်

**မြင်းမူ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြင်းမူမြို့နယ် ပျောရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွင်းရှိ ကံဖျားကျေးရွာ ကွင်းအမှတ်(၃၇၇)တွင် ရေဆင်း(၁၁)ပဲတီစိမ်း ၁၄ ဒသမ ၉၈ ဧကကို တောင်သူခြောက်ဦးက စမ်းသပ်စိုက်ပျိုးခဲ့ရာ အကျိုးဖြစ်ထွန်းအောင်မြင်ခဲ့မှုကြောင့် ယခုအခါ တောင်သူ ၅၇ ဦးတို့သည် မေ ၁၅ ရက်မှ စ၍ ၁၀၈ ဧက တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီတို့မှ အနီးကပ်ကူညီဆောင်ရွက်ပေးခဲ့မှုကြောင့် ယခုအခါ အောင်မြင်ဖြစ်ထွန်းနေသည်ကို မေ ၂၂ ရက် နံနက်ပိုင်းက တွေ့ရသည်။ **(အပေါ်ပုံ)**

ဒေသခံတောင်သူများက တစ်နှစ်သုံးသီးစိုက်ပျိုးလျက်ရှိပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုကြောင့် စီးပွားရေးအဆင်ပြေကာ ဝမ်းသာအားရ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

မိုးကြိုပဲတီစိမ်းရေဆင်း(၁၁)ကို စပြီး စိုက်ပျိုးလုပ်ကိုင်သူ ကိုနက်တူးအား မေးမြန်းကြည့်ရာ "ကျွန်တော်တို့ရွာက ဂျုံသီးနှံတစ်မျိုးထဲ တစ်နှစ်တစ်သီးပဲစိုက်လို့ရတာပါ။ အခုလို တစ်နှစ်သုံးသီးထိစိုက်ပျိုးလို့ရအောင် ဆောင်ရွက်ပေးခဲ့တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အရမ်းကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**ကိုကိုနိုင်(မြင်းမူ)**

## ရှမ်းပြည်နယ်(တောင်ပိုင်း) သတ္တုလုပ်ငန်းရှင်များအသင်းဖွဲ့စည်း

**တောင်ကြီး မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း သတ္တုရှာဖွေရေးလုပ်ငန်းဆောင်ရွက်နေကြသည့် သတ္တုလုပ်ငန်းရှင်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီး၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ္တုလုပ်ငန်းရှင်များအသင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ဖွဲ့စည်းခြင်းအခမ်းအနားကို မေ ၂၂ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီး ဦးစိုင်းအိုက်ပေါင်းနှင့် ဘဏ္ဍာရေးညွှန်ကြားရေးမှူးတို့က လုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်ချက်များရှင်းလင်းပြောကြားပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးပါဝင်သော သတ္တုလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ရွှေ၊ ခနောက်စိမ်း၊ သံ၊ ဂေါဒန်၊ ဘရိုက်တီး၊ ခဲမဖြူစသည့် သတ္တုများထွက်ရှိပြီး ၂၀၀၆ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ သတ္တုလုပ်ငန်းရှင်များအသင်းဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။ ပြည်နယ်အတွင်း သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် ခွင့်ပြုမိန့်များပေးရာတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိရန်နှင့် ဒေသခံများမနစ်နာစေရန်အတွက် ဆောင်ရွက်ပေးမည့်အစီအစဉ်များအပြင် မြေစာရင်းပုံစံ (၁၀၅) လျှောက်ထားရာတွင်လည်း လုပ်ကွက်နှင့်အနီးစပ်ဆုံးဒေသခံ ၁၅ ဦး၏ ထောက်ခံချက်ပါရှိမှသာ လုပ်ပိုင်ခွင့်ပြုမိန့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

## ခင်ဦးမြို့၌ ရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**ခင်ဦး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့တွင် ဆရာ ဆရာမများအား ရှေးဦးပြုစုခြင်းသင်တန်းဖွင့်ပွဲကို မေ ၂၃ ရက်တွင် ခင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဦးစိုးတင့်က အဖွင့်အမှာစကားပြောကြားပြီး မုံရွာမြို့ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ စီ/မံဌာနမှ ဦးစီးအရာရှိ ဦးသန်းမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ် ကြက်ခြေနီ ဒု-တပ်ရင်းမှူး ဦးကျော်သန်းက ရှေးဦးပြုစုခြင်းအကြောင်းကိုလည်းကောင်း ပြောကြားကြသည်။

သင်တန်းကာလမှာ မေ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ဖြစ်ပြီး အလယ်တန်းအဆင့် ၂၅ ဦး၊ မူလတန်းအဆင့် ၂၅ ဦး စုစုပေါင်း ဆရာ ဆရာမ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

**စိုးဝေအောင်**

## လုပ်ငန်းစွမ်းဆောင်ရည်သင်တန်းဆင်းပွဲ ကျင်းပ

**ရွှေဘို မေ ၂၃**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီတွင် ရွှေဘိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရပ်/ကျေး အုပ်စု အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ထွန်း**

## ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ ကျင်းပ

**ပဲခူး မေ ၂၃**

ပဲခူးမြို့ ကလျာဏီရပ်ကွက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းအဆင့်မှ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက်တွင် ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်တင်(ဟံသာမြေ)**


## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
### အမှုဆောင်များ နုတ်ထွက်ခြင်းနှင့် အမှုဆောင်အသစ်များ ရွေးချယ်နိုင်ရန် နိုင်ငံလုံးဆိုင်ရာ ညီလာခံခေါ်ယူကျင်းပခြင်း

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ လက်ရှိအမှုဆောင်များအားလုံး နုတ်ထွက်ခြင်းနှင့် အမှုဆောင်အသစ်များကို ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း အစီအစဉ်ကို ဖွဲ့စည်းပုံနှင့်အညီ ၂-၆-၂၀၁၃ရက်တွင် နိုင်ငံလုံးဆိုင်ရာ ဆန်စပါးညီလာခံခေါ်ယူကျင်းပမည် ဖြစ်ပါသည်။

၂။ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ထင်သာမြင်သာရှိခြင်း အပါအဝင် ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီစေရန် အတွေ့အကြုံနှင့် သမာဓိပြည့်ဝသော ပုဂ္ဂိုလ်များဖြင့် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းတာဝန်လွှဲအပ်ထားပြီး ဖြစ်ပါသည်။

၃။ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ကိုယ်စားလှယ်(၂၄၅)ဦးဖြင့် ဖွဲ့စည်းပြီး ၂-၆-၂၀၁၃ရက် ရွေးကောက်ပွဲတွင် အဆိုပါကိုယ်စားလှယ်များမှ ဆန္ဒမဲပေး၍ အဖွဲ့ဝင်(၁၁၉)ဦးပါဝင်သော ဗဟိုအလုပ်အမှုဆောင်ကောင်စီ၊ အဖွဲ့ဝင်(၄၀)ဦးပါဝင်သော စီမံခန့်ခွဲရေးကော်မတီနှင့် ရာထူးတာဝန်များဖြစ်သည့် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများနှင့် စာရင်းစစ်များကို ရွေးချယ်မည် ဖြစ်ပါသည်။

၄။ အသင်းချုပ်ဖြစ်သည်နှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတွင် ကိုယ်စားပြုဖွဲ့စည်းထားသော အသင်း(၃)သင်းဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့ကို အဓိကအခြေခံ၍ ဖွဲ့စည်းပုံနှင့်အညီ ရွေးချယ်တင်မြှောက် ဖွဲ့စည်းမည် ဖြစ်ပါသည်။ ညီလာခံကိုယ်စားလှယ် (၂၄၅)ဦးအနက် အသင်းတစ်သင်းလျှင် ကိုယ်စားလှယ်(၅၀)ဦးနှုန်းဖြင့် အသင်း(၃)တို့မှ (၁၅၀)ဦး စေလွှတ်မည် ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာအသင်းများ၏ အသင်းဝင်များအနေဖြင့် မိမိတို့ဆိုင်ရာ အသင်းများနှင့် ဆက်သွယ်ပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စုံစမ်းမေးမြန်း ဆောင်ရွက်သင့်ပါသည်။ အသင်း(၃) သင်းမှ ရွေးချယ်စေလွှတ်မှုဖြင့်သာ ညီလာခံကိုယ်စားလှယ်အဖြစ် ပါဝင်လာမည် ဖြစ်ပါသည်။

၅။ ကျန်ညီလာခံ ကိုယ်စားလှယ်(၉၅)ဦးမှာ ဆန်စပါးအထူးပြုကုမ္ပဏီ(၄၅)ခု၊ အခြားကုမ္ပဏီ(၃၀)ခု၊ ညီနောင်အသင်းများဖြစ်စေသော မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနှင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့မှ (၁၀)ဦးစီတို့ဖြင့် ပါဝင်ဖွဲ့စည်းမည် ဖြစ်ပါသည်။

၆။ အသင်း(၃)သင်းမှ ဥက္ကဋ္ဌ(၃)ဦးနှင့် အသင်း(၃)သင်း၏ တိုင်းဒေသကြီး/ပြည်နယ် အသင်းခွဲ ဥက္ကဋ္ဌများသည် ဗဟိုအလုပ်အမှုဆောင်ကောင်စီတွင် အလိုအလျောက် ဖွဲ့စည်းပုံအရ ပါဝင်လာမည်ဖြစ်၍ အသင်း(၃)သင်း၏ တိုင်းဒေသကြီး/ပြည်နယ် အသင်းခွဲ ဥက္ကဋ္ဌများသည် ၂-၆-၂၀၁၃ ရက် ရွေးကောက်ပွဲတွင် မပျက်မကွက် တက်ရောက်ရန် အထူးအရေးကြီးပါသည်။ လိုအပ်သော တည်းခိုနေထိုင်ရေးကိစ္စများ အဆင်ပြေစေရန် စီစဉ်ထားမည်ဖြစ်သောကြောင့် အသင်းချုပ်(ရုံးချုပ်)နှင့် အမြန်ဆုံးဆက်သွယ်သတင်းပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖိတ်စာများကိုလည်း ပေးပို့ထားပြီး ဖြစ်ပါသည်။ သို့ရာတွင် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်သွယ်တက်ရောက်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

၇။ စုံစမ်းမေးမြန်းမှုများ ပြုလုပ်လိုပါက အသင်းချုပ်(ရုံးချုပ်) UMFCCI Level 8၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း- ၂၁၈၂၆၆၊ ၂၁၈၂၆၇၊ ၂၁၈၂၆၈၊ ၂၀၁၁၂၈ တို့သို့ ဆက်သွယ်၍ဖြစ်စေ၊ www.myanmarricefederation.orgတွင်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၄)၊ ဦးပိုင်အမှတ်(၂)၊ ၄၂လမ်း၊ ၅၅လမ်းထောင့်၊ ဒေါ်ကိုင်တွဲ အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ကိုင်တွဲ[၁/မကန(နိုင်)၀၅၅၁၀၇]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မူရင်းပျောက်ဆုံးပါ၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၀၃၆)၊ ဦးပိုင်အမှတ်-၅၀၊ ၁၇လမ်း×၁၈လမ်းကြား၊ ၈၆ လမ်း၊ မောင်ဟန် အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်တင်ကြည်(ခ)တင်တင်နွယ်[၉/မနမ(နိုင်)၀၅၃၉၂၆]မှ အမှုတွဲအမှတ်-၀၀၉၃/ဘ(ပြောင်း) ၂၀၁၃-၂၀၁၄ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဘ(ပြောင်း)လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၅)၊ ဦးပိုင်အမှတ်-၄၆၊ ၅၁လမ်း×၅၂လမ်းကြား၊ ကုသိုလ်တော်လမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား ဒေါ်လီကင်း အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်လီကင်း[၉/မနမ(နိုင်)၀၀၄၉၂၉]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်မူရင်းပျောက်ဆုံးပါ၍ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# အာရှခြေစစ်ပွဲအောင် မြန်မာအမျိုးသမီးဘောလုံးအသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန်　မေ　၂၇

၂၀၁၄ အာရှဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲခြေစစ်ပွဲအုပ်စုပွဲစဉ်တွင် အုပ်စု (ဃ)မှ တရုတ်(တိုင်ပေ) ပါလက်စတိုင်း၊ အိန္ဒိယနှင့် မြန်မာအသင်းတို့အုပ်စုပွဲစဉ်များကို ပါလက်စတိုင်းနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာ အမျိုးသမီးဘောလုံးအသင်းသည် ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ရောဝတီဘဏ်၊ မက်စ်မြန်မာဂရုပ်ဖ်အော့ဖ်ကုမ္ပဏီ၊ အမျိုးသမီးဘောလုံးကော်မတီတို့မှ တာဝန်ရှိသူများနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။(ယာဝုံ)

**မြန်မာ့သတင်းစဉ်သတင်းအဖွဲ့**
**ဓာတ်ပုံ - လှမိုး သန်းဦး**



မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စု(ဃ)၏ နောက်ဆုံးပွဲစဉ်အဖြစ် ယခုလ ၂၅ ရက်တွင် တရုတ်(တိုင်ပေ)အသင်းနှင့် ဂိုးမရှိ သရေကစားကာ ခြေစစ်ပွဲကို အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အိန္ဒိယနှင့် ကစားရာတွင် နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပါလက်စတိုင်းနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့✳

## ဓာတ်ငွေ့ပိုက်လိုင်းလဲလှယ်စဉ် သထုံဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်သုံးလုံးနှင့် မော်လမြိုင်ဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်တစ်လုံး ဓာတ်အားထုတ်လုပ်မှုရပ်တန့်မည်

နေပြည်တော်　မေ　၂၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာန လက်အောက်ရှိ သထုံနှင့် မော်လမြိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များသို့ ဓာတ်ငွေ့ပေးပို့နေသော စွမ်းအင်ဝန်ကြီးဌာနမှ ကန်ပေါက်ကမ်းလွန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် သံဖြူဇရပ်မြို့နယ် ဝဲဝက်ာရာကျေးရွာအနီး ခန့်မှန်းမြေပုံညွှန်း LT685571 တွင် ဓာတ်ငွေ့ယိုစိမ့်မှုများ မကြာခဏဖြစ်သဖြင့် ၂၆-၅-၂၀၁၃ ရက် ညနေ ၆ နာရီမှ ၂၈-၅-၂၀၁၃ ရက် ညနေ ၆ နာရီအထိ ပိုက်လိုင်း ၆၇ လုံး လဲလှယ်လျက်ရှိ၍ သထုံဓာတ်အားပေးစက် ရုံမှ တာဘိုင်စက် သုံးလုံးနှင့် မော်လမြိုင်ဓာတ်အားပေးစက်ရုံမှ တာဘိုင်စက်တစ်လုံးအား ဓာတ်အားထုတ်လုပ်မှု ရပ်တန့်မည်ဖြစ်သည်။

ထိုသို့ သထုံနှင့် မော်လမြိုင်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များ ရပ်တန့်ရသဖြင့် လျှပ်စစ်ဓာတ်အား ၃၉ မဂ္ဂါဝပ်ခန့် လျော့နည်းကျဆင်းခဲ့ပြီး လိုအပ်သော ဓာတ်အားကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပိုက်လိုင်းပြုပြင်ပြီးစီးပါက ဓာတ်အားဖြန့်ဖြူးမှုအားပုံမှန်အတိုင်း ဆက်လက်ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။　(သတင်းစဉ်)

## မြန်မာ့အလင်း မာတိကာ


အမိုး၊ အရွက်တို့ မည်သည်. . .　စာမျက်နှာ ➢ ၁၀
စည်းကမ်းလိုက်နာ သဘောပေါက်မှ　စာမျက်နှာ ➢ ၁၁
ဘိလပ်မြေ၊ သံ၊ ကန့်ရိုး၊ ဆန်၊ ကြက်သွန်၊ သကြားနှင့် တို့ လ ၇၅ ထုပ် . . .　စာမျက်နှာ ➢ ၁၂
ဂိုးပါ. . . . . . . . . . . . . . . . အသင်း ချိတ်ဆွဲရရှိ　စာမျက်နှာ ➢ ၁၃


## မတ်တူးမော်တော်ယာဉ်နှင့် လက်နက်၊ ခဲယမ်းများ ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

နေပြည်တော်　မေ　၂၇

ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် မိုင်းလီကျေးရွာအုပ်စု နားဆော့ကျေးရွာ၌ မတ်တူး မော်တော်ယာဉ်တစ်စီးနှင့် လက်နက်၊ ခဲယမ်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၂ နာရီမိနစ် ၂၀ ခန့်တွင် လားရှိုးမြို့ အေးရှားဝေါလ်တိုးဂိတ်၌ မော်တော်ယာဉ်အမှတ် ၃င/. . . မတ်တူး ရွှေငါးအမျိုးအစား အဖြူရောင်ယာဉ်တစ်စီးအား မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် လုံခြုံရေးအဖွဲ့က စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ရပ်တန့်ပေးခြင်းမရှိဘဲ တိုးဂိတ်မောင်းတံအား တိုက်ပြီးမောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ လုံခြုံရေးအဖွဲ့များ ပူးပေါင်းပြီး မော်တော်ယာဉ်အား ပိတ်ဆို့စစ်ဆေးရှာဖွေရာ နားဆော့ကျေးရွာ ဘုန်းကြီးကျောင်းရှေ့၌ အဆိုပါယာဉ်အားတွေ့ရှိရပြီး ယာဉ်ပေါ်တွင် တစ်ဦးတစ်ယောက်မျှ မရှိတော့ဘဲ လက်နက်များနှင့် ခဲယမ်းများကိုသာ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကားပေါ်မှ ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည့် လက်နက်များမှာ အမ် ၂၂ ခေါက်ဒင် ၁၁ လက်၊ အမ် ၂၂ ခေါက်ဒင်မပါ သုံးလက်၊ အမ် ၇၉ (၄၀)မမ ဗုံးပစ်လောင်ချာ သုံးလက်၊ အမ် ၁၆ မောင်းပြန်ရိုင်ဖယ်လေးလက်၊ ပစ္စတိုတစ်လက်

စာမျက်နှာ ၉ ကော်လံ ၁ သို့✿



နားဆော့ကျေးရွာ ဘုန်းကြီးကျောင်းရှေ့၌ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်နှင့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

## ရေငုပ်နိုင်သော စက်ရုပ်များဖြင့် သန္တာကျောက်တန်းများ ထိန်းသိမ်းမည်

ဘာသာပြန်သတင်း
လုလင်

ဗီအိုင်ဘဲ့ဗ်　မေ　၂၇

သန္တာကျောက်တန်းများကို ပြုပြင်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်လျက် ပင်လယ်ရေအောက်၌ အသုံးပြုနိုင်သော စက်ရုပ်များကို စကော့တလန်နိုင်ငံ ဟာရီရော့ဝပ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တီထွင်ထုတ်လုပ်ထားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ရေးသားဖော်ပြသည်။

သန္တာကျောက်တန်းများသည် ကမ္ဘာပေါ်တွင် အလှပဆုံးသဘာဝထူးခြားဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲလာခြင်း၊ ရေထုညစ်ညမ်းခြင်းနှင့် ငါးအလွန်အကျွံဖမ်းဆီးခြင်းစသည့် အကြောင်းတရားများကြောင့် သန္တာကျောက်တန်းများ၏ ဂေဟစနစ်များ ထိခိုက်ပျက်စီးရကာ အခြားသော ဂေဟစနစ်များနည်းတူ သန္တာကျောက်တန်းများ၏ ဂေဟစနစ်များ ပျောက်ကွယ်သွားနိုင်သည့် ဘေးအန္တရာယ် ဖြစ်ပေါ်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း၌ သန္တာကျောက်တန်းများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော်လည်း ထိရောက်သော တိုးတက်အောင်မြင်မှုများ

စာမျက်နှာ ၉ ကော်လံ ၄ သို့❖


